သလပ်ခွာကျေးရွာ

ငွေဆောင်မြို့၊ ပုသိမ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၁၇-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သလပ်ခွာကျေးရွာ၊ ငွေဆောင်မြို့၊ ပုသိမ်မြို့နယ်။

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ

မာတိကာ


| | |
|---|---|
| မာတိကာ | ၁ |
| ကျေးဇူးတင်လွှာ | ၆ |
| စကားနိဒါန်း | ၆ |
| သလပ်ခွါကျေးရွာ သယံဇာတပြမြေပုံ၊ ပုသိမ်မြို့နယ် | ၇ |
| အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် | ၁၀ |
| (၁) နိဒါန်း – ကျေးရွာ ဖွံ့ဖြိုးရေးရည်ရွယ်ချက် နှင့် လွှမ်းခြုံသက်ရောက်မှု | |
| (က) ရည်ရွယ်ချက် နှင့် ကျိုးကြောင်းဖော်ပြချက် | |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် လွှမ်းခြုံသက်ရောက်မှု | ၁၂ |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၃ |
| (က) လူဦးရေဆိုင်ရာ အချက်အလက်များ | |
| (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာ လွယ်မှုများ | |
| (ဃ) ကျန်းမာရေးနှင့် အဟာရ | |
| (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ | |
| (စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ | |
| (၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၅ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ | |
| (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သောအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ | |

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ အဟန့်အတားနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉
(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ ဖြစ်စေသောအခြေအနေကောင်းများ
(ခ) အဟန့်အတားနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇)ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်ဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စရပ်များ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၄
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သက်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အအထည်ဖော်မည့် အချိန်ကာလ
(၉)ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၉
(၁၀) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၀
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၂

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၃၄

(၁)လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား ၊မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၅ ဓါတ်သတ္တုနှင့်အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓန အဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူး လိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၁၁ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေး လုပ်ဆောင်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာစိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့် အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊

ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက် လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝ ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်စီမံ ခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ် အဆင့် စာတက်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား - မ ရေးရာ ကိစ္စ ရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတား တည်ရှိမှု အခြေအနေ

ဇယား ၄၂ ရေကြောင်းသယ်ယူ ပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေး ယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီး ရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေ အနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်း လုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်း မီမှု

ဇယား ၄၈ မူခင်း ဖြစ်ပွား မှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေ ၇၄

ကောင်းများ၊အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့် အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

(ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၇၇

ကိုးကားစာရင်း

ကျေးဇူးတင်လွှာ

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀ - ၂၀၂၁ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ရှေးဦးစွာ စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလတ်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ပါဝင်ဆောင် ရွက်ပေးကြပါသော ကျေးရွာသူ-ကျေးရွာသားများအားလုံးကို လည်း အထူးကျေးဇူးတင်ရှိပါသည်။

စကားချီး

ကျွန်ုပ်တို့ကျေးရွာတွင် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်းအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှုအားနည်းခဲ့ပါသည်။စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် လိုအပ်ချက်နှင့် အခက်အခဲများတွေ့ ရှိခဲ့ရပါသည်။ သို့ပါသော်လည် ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလတ်တို့ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့အပြင် လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါမည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်သည့်အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ဆက်လက်ရရှိမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ဘတ် ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

နိုဝင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သလပ်ခွါကျေးရွာ၊ငွေဆောင်မြို့၊ ပုသိမ်မြို့နယ်

# သလပ်ခွါကျေးရွာ သယံဇာတပြမြေပုံ






ကျေးရွာအား ဝေဟင်မှ မြင်တွေ့ရပုံ

## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း / ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

### ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော် အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူ ထုကိုယ်တိုင် တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီး နောက်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း သတင်းအချက်အလက်များ ပြုစုရန်အရေး ကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့ပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည့်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ် တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှု စီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်း ချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေး လုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါ သည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့ အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီးကျေးရွာဖွံ့ဖြိုး ရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ အစည်းများအား တင်ပြမည် ဖြစ်ပါ သည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန် ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောက်ရွက်ရမည့် လုပ်ငန်းများကို ပိုမိုသိရှိ လာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များ အတွက် သတင်းအချက်အလက်များပိုမို သိရှိလာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင် ရွက်နိုင်မည် ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင် ရွက်မှုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့် တွင်ပေါင်း စပ်ညှိနှိုင်း ပြုလုပ်လာ နိုင်ပါသည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျေးရွာလူထု ဦးဆောင်ပါဝင်သော လုပ်ကိုင်နည်းဖြင့် စုပေါင်း ရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှု ဖြစ်စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွက် လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြပါသည်။ဖွံ့ဖြိုးရေး လုပ်ငန်းများကို လူထုပါဝင်စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်

အထည်ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ပုသိမ် - ငွေဆောင်ကားလမ်းပေါ်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ တိုင်းမြို့တော် ပုသိမ်မြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် တောင်ပေါ်မြေပြန့်ဒေသတွင် တည်ရှိပြီးအဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ ဖြစ်ကြပါသည်။ ဒေသတစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၈၀ မှ ၁၂၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ ကျေးရွာသည် မြစ်ဝကျွန်းပေါ် ဒေသတွင်တည်ရှိသောကြောင့် ဆားငန်ရေဝန်ရောက်မှုမှာ အနည်းငယ်ရှိပါသည်။ ကျေးရွာအနီးတွင်တောတောင်မြစ်ချောင်းများရှိပြီး မြေပြင်အနေအထားမှာ တောင်ပေါ်မြေပြန့် ဖြစ်သည်။ လယ်ယာမြေများသည် စပါးစိုက်ပျိုး ထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကြောင်းရန်အတွက် အဓိက အားထားရာဖြစ်သည်။ နှစ်စဉ် ရေကြီးနစ်မြုပ်ခြင်းခံရသော ကြောင့် ပျက်စီးမှုများ ကြုံတွေ့ ခံစားရသော်လည်း စီးပွားများပျက်စီးသည့် အထိတော့ မတွေ့ကြုံ ရသေးပါ။ နှစ်စဉ် နှစ်တိုင်းရေကြီးလွှမ်းမိုးမှု အန္တရာယ်အတွက် ကာကွယ်မှုများပြုလုပ်ထားရမည့် ဒေသ ဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေများရှိပြီး မြေအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူများမှာချောင်းရေ ဖြင့် လယ်မြေ ဧက (၅၀၀) ကျော်ကို ရေသွင်း၍ နွေသီးနှံ အဖြစ်စိုက်ပျိုး ကြသည်။ မြေအောက်ရေကို အသုံးပြုမှု အသင့်အတင့် ရှိကြသည်။ ထွန်ယက်စိုက်ပျိုး နိုင်သည့် ဧက (၁၀၃၁) ဧက ရှိပြီး မိုးစပါးနှင့် နွေစပါးကို အဓိက စိုက်ပျိုးကြသည်။ ရော်ဘာ နှင့် ရာသီပေါ် သီးနှံစိုက်ပျိုး မှုများလည်းရှိသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၅၇၆)စုနှင့် ကျား (၁၀၃၇) မ(၁၁၁၈) ဦးဖြင့် လူဦးရေပေါင်း (၂၁၅၅) ရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ လူဦးရေ (၃.၇၄) ဦးနှုန်း ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်

ပျမ်းမျှ လူဦးရေ ၅ ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူဦးရေ အများဆုံးနေထိုင်ပြီးကရင်၊ ချင်း၊ လူမျိုးများလည်းနေ ထိုင်ပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ လူဦးရေပေါင်း၏ ၇၂.၀၆% ခန့် ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့် သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် ဆောင်ရွက်နိုင်သည်။ အလုပ်လုပ်နိုင် သောအမျိုးသမီးဦးရေသည် အမျိုးသားဦးရေပေါင်းထက် ပိုမိုများသည်။ အမျိုးသမီးများအတွက် အိမ်တွင်းမှု လုပ်ငန်းများဆောင်ရွက်ပေးသင့်သည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

အဓိကဝင်ငွေရ လုပ်ငန်းသည် စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေး ဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထား မှာသာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ အဆင့် သက်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၆၀%သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအဖြစ် ခံယူကြပြီး ၁၅%သည် ချမ်းသာသည့်အဆင့် ၊ ၂၅%သည် အလယ်အလတ်အဆင့်တွင် ရှိသည်ဟု သက်မှတ်ကြသည်။ ကျေးရွာရှိလူဦးရေ၏ ၁၉% ခန့်သည် လယ်မြေပိုင်ဆိုင်ကြပြီး လက်လှမ်းမီမှု၊ လယ်ယာသုံး စက်ကရိယာများ ပိုင်ဆိုင်မှုနှင့် မြစ်ချောင်းရေ သွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာ၏ စီးပွားရေး အနေအထား မှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာချင်းဆက်သွယ်ရေးလမ်း များဖွံ့ဖြိုးလာမှု၊ အပန်းဖြေ အနားယူနိုင်သော ကမ်းခြေများနှင့် ကားလမ်းဆက်သွယ် တည်ရှိမှု များကြောင့် ကုန်စည် စီးဆင်းမှုများမှာ မြန်ဆန်လာပြီး ဈေးကွက်တစ်ခုကို ဖန်တီးနိုင်သော အနေအထားကြောင့် ရောင်းဝယ်မှုများပိုမိုတိုးတက်လာပါသည်၊ လယ်သမားများသည် လယ်ယာမြေအပြင် အခြားရောင်းဝယ်မှုများနှင့် ပုသိမ်မြို့ရှိ စက်ရုံများသို့ သွားရောက်လုပ် ကိုင်ကြပါသည်။ ငွေချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေကြေးအဆင်ပြေကြပါသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်း ငယ်ပိုင်ဆိုင်သော လယ်သမားများ၊ လက်လုပ်လက်စားများ၊ ဆောက်လုပ်ရေးလုပ်ငန်း ခွင်လုပ်သားများ နှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ် ရေးလုပ်ငန်း၊ လက်လီ၊ခေါင်းရွက် ဗျက်ထိုးလုပ်ငန်းများ၊ဆန်စက်၊ နှစ်ရှည် ရော်ဘာစိုက်ပျိုးခင်းများ၊ တစ်နိုင်တစ် ပိုင်မွေးမြူရေးလုပ်ငန်းများ၊ အထည်ချုပ်စက်ရုံ၊ ဟော်တယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ တွင် အလုပ်အကိုင် ရှာဖွေနိုင်ကြသည်။ ကျေးရွာ၏ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၉၀) စုကိုလေ့လာဆန်း စစ်မှုအရ ယင်းတို့၏ (၂၀)% မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ (၃၀)%

မှာ သူတစ်ပါးထံမှ မချေးမငှားဘဲ သုံးလခန့် နပ်မှန်စားသုံးနိုင်ကြကြောင်း၊ (၂၀)% မှာ ၃လမှ ၅ လခန့်၊ (၃၀)%မှာ ၆လမှ ၁၂လခန့် သူတစ်ပါးထံမှ မချေးငှားဘဲ နပ်မှန် စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၃၀၀၀၀၀ကျပ်မှ ကျပ် နှစ်သန်းအထိ တင်ရှိနေကြသည်။ကြွေးမြီများမှာ အတိုးနှုန်း မြင့် မားပြီး ကာလတို ချေးငွေများဖြစ်ကြသည်။

အိမ်ထောင်စုအားလုံး၏ (၅)%သည် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ ဖြစ်ကြသည်။ အိမ် ထောင်စု (၂၀) စုသည် မုဆိုးဖို တစ်ခုလပ် ဦးဆောင်သော အိမ်ထောင်စု ဖြစ်သည်။အိမ်ထောင်စု ()စုသည် ထိခိုက်လွယ်သောအိမ်ထောင်စုများ ဖြစ်ကြသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝကြပါသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာကြပါသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်အပိုင်းတွင် ပိုမို ဖြစ်ပွားတက်သည်ကိုတွေ့ရပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်း မှု အသိအမြင်များရှိကြပါသည်။ ကျေးရွာသည် တိုက်နယ်ဆေးရုံ နှင့် ကျေးလက်ကျန်းမာရေး ဆေးခန်းတို့ ရှိသောကြောင့် ကျန်းမာရေးစောင့် ရှောက်မှုကောင်းမွန်သည်။ ထို့ပြင် အရေးပေါ်ပြင်းထန်သော ရောဂါများအတွက် ၁၁ မိုင်ခန့်သာကွာဝေးသော ရောဝတီတိုင်း ဒေသကြီးဆေးရုံကြီးသို့ အချိန်မရွေး သွားရောက်ကုသမှု ခံယူနိုင်ပါ သည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ မော်တာသုံးစက်ရေတွင်းများနှင့် ရေတွင်းမှ သောက်သုံးရကို အလွယ်တကူ ရရှိနိုင်ကြပါသည်။ ရေကောင်းရေသန့် ရရှိမှု တို့ကြောင့် ဝမ်းပျက်ဝမ်းလျော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသော ရောဂဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာရှိ ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်းတွေ့ရပါသည်။ ကျေးရွာသူ/သား အများစုလိုလို အရေးအဖက် ကျွမ်းကျင်ကြပါသည်။အခြေခံပညာအထက်တန်းကျောင်းရှိနေခြင်းကြောင့် အတန်းပညာတက်ရောက် သင်ကြားနိုင်မှု မြင့်မားပါသည်။ ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်များပြားသည်။ ပညာအရည်အချင်းများ အသင့်အတင့် တက်မြောက် ကြသော်လည်း အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲ ဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးဆဲ ဖြစ်သည်။

(စ) ကျား- မရေးရာဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်းကျေးရွာတွင်လူမှုအဖွဲ့အစည်း၏စံနှုန်းများအရကောင်းစွာသတ် မှတ်ထားကြသည်။ကျေးရွာတွင် ကျားမအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမာန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းများတွင်မအရေအတွက်မှာကျားအရေအတွက်ထက်ပိုများနေ၍အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခများမှာ အမျိုးသားများက ပိုမိုရကြပါသည်။ဥပမာအားဖြင့်လုပ်အားခ သဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခနည်းပြီး ရကြရသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင် ရွက်ပေးခြင်းဖြင့် ကျား- မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၄)ဖွဲ့၊ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၃)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ(၃)ဖွဲ့တို့ ရှိသည်။ ယင်းအဖွဲ့များအနက် လူမှုရေး ဆိုင်ရာ အဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက် မှုအားနည်းသည်။ အောင်သုခအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ မြန်မာ့ အသေးစားငွေ ချေးအဖွဲ့အစည်းများကို ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစားငွေစု ငွေချေးလုပ်ငန်းများကို လည်ပတ်ဆောင်ရွက် လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြားချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်း ဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြသည်။ အဖွဲ့အစည်းများစွမ်းဆောင်ရည် မြှင့်တင်ရေးသင် တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေး ကဏ္ဍ

ကျေးရွာတွင် မိုးစပါးနှင့် နွေစပါးကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက(၁၀၃၀)ရှိပြီး သီးထပ်အဖြစ် နွေစပါး( ၅၀၀ )ဧကကို စိုက်ပျိုးကြသည်း မိုးစပါးပျမ်းမျှ အထွက်မှာ ( ၅၅ )တင်းနှင့် နွေစပါး( ၈၀ )တင်းတို့ ထွက်ရှိကြသည်။ နွေစပါးဧက(၅၀၀)ကို ချောင်းရေမှရေသွင်း စိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။တောင်သူအများစုသည်လယ်ယာလုပ်ငန်းခွင်အတွက်အလုပ်သမားရှားပါးမှုနှင့်ပြည့်စုံလုံလောက်သောလုပ်အားခမပေးနိုင်ခြင်း ပြဿနာများကို ရင်ဆိုင်ရသည်။ကုန်ကျစရိတ် မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် နည်းစနစ်များလိုအပ်နေကြသည်။ နှစ်စဉ်ရေကြီး ရေလျှံမှုသည် စိုက်ပျိုးမှုများ အတွက် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်နေသည်။

ကျေးရွာတွင် ဒေသထွက်မျိုးရင်းများဖြစ်သော ဝက်၊ ကြက်၊ နွား၊ ဆိတ်၊ ဘဲတို့ကိုသာ မွေးမြူကြသည်။ရာ သီအလိုက် ဖြစ်တက်သော ရောဂါများကြောင့် သေဆုံးပျက်စီးမှုများရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို တိုက်နယ် တိရိစ္ဆာန်ဆေးကုဆရာဝန်နှင့် မြို့နယ် မွေးကု ဦးစီးဌာနမှ ရရှိနိုင်ပါသည်။သို့သော်လည်း ဝန်ထမ်းမလုံလောက်မှု ကြောင့် လွှမ်းခြုံဆောင်ရွက် ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် မွေးမြူရေး လုပ်ငန်း တည်ထောင်တိုးချဲ့ရန် ချေးငွေကို အလွယ် တကူမရရှိနိုင်ကြချေ။ ရရှိသောချေးငွေများမှာ အတိုးနှုန်း မြင့်မားလှပါသည်။ ကျေးရွာတွင် ငါးမွေးမြူရန် ရေမြေနေရာများရှိသော်လည်း ထောက်ပံ့မှု နည်းပညာ များနှင့် ရင်းနှီးမြှုပ် နှံမှုများလိုအပ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စားအလုပ်များ၊ ခေါင်းရွက်ဗျပ်ထိုး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ ၊ဈေးရောင်း၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေ ကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားခြင်းကကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ အသက်မွေးကျောင်း လုပ်ငန်းများဖြစ်ကြသော ယော်တယ်နှင့်ခရီးသွားလာရေးသင်တန်း၊ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ဆံပင်အလှပြင်၊ မုန့်လုပ်ငန်း၊ မော်တော်ဆိုင်ကယ်ပြင်၊

မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့၊ စသည်တို့သည် သက်မွေးဝမ်း ကျောင်းသင် တန်းများကိုမြို့တွင်ဖွင့်လှစ်ထားသော်လည်း မတတ်နိုင်ကြချေ။လုပ်ငန်းခွင်သုံးပညာရပ်အချင်းပိုင်းတွင် အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန် လည်းမ တတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စု အချို့သာ သင်တန်းများသို့ တက်ရောက်ကြပါသည်။

(ဃ)သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့် အခြားသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့် ဓာတုဓါတ်မြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်၊ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး နည်းစနစ် အားအသုံးပြုမည် ဆိုပါက အဆင်ပြေနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းများစီမံ ခန့်ခွဲမှုတွင် ပလက်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ နှင့် ကော်နှင့်ဆက်စပ်သောပစ္စည်းများ စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပတ် ဝန်းကျင်ဆိုင်ရာ အသိပညာ ပေးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာ၏လယ်မြေများသည် ရေကြီးလွှမ်းမိုးမှုကိုနှစ်စဉ်ကြုံတွေ့ရသည်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ် သောကြောင့်လည်း မုန်တိုင်းဝင်ရောက်မှုကို ကြုံတွေ့ရပါသည်။ နှစ်စဉ်ဖြစ်ပေါ်နေသော ကျရောက်မြဲဖြစ်သော ရေကြီးခြင်းသည်လည်း သဘာဝဘေးအန္တရာယ် တစ်မှအဖြင့် ရှိနေဆဲ ဖြစ်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူလယ်သမားများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေး သောချေးငွေကို တစ်နှစ်အတိုးနှုန်း (၆.၇) ကျပ်တိုး၊ တစ်ဧက ၁၅၀၀၀၀ ကျပ်နှုန်းဖြင့် အများဆုံး(၁၀) ဧကအတွက် ချေးယူနိုင်ကြ သည်။ ကျေးရွာတွင် Pact Myanmar, World Vision Myanmar, စထားပနာ အစရှိသော မြန်မာ့ငွေရေးကြေး ရေးအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီများမှ လာရောက်၍ ဖွဲ့စည်းပေးထားသော အဖွဲ့အစည်းများရှိပြီး တစ်နှစ်အတိုးနှုန်း (၃၀)% နှုန်းဖြင့် လစဉ်အရစ်ကျပြန်လည်ပေးသွင်းခြင်းပုံစံဖြင့် ငွေစုငွေချေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။စည်းကမ်းပိုင်းတွင်လည်း တင်းကျပ်ထားသည်။ တစ်ချို့သောအိမ်ထောင်စုများသည် ရွာထဲမှ ငွေတိုးချေးစား သူများထံမှ တစ်နှစ်အတိုးနှုန်း (၆၀)% မှ (၁၂၀)% ဖြင့်လည်းကောင်း၊ မိတ်ဆွေ၊ မိသားစုဝင်များထံမှ တစ်နှစ်အ တိုး(၃၆)% မှ (၆၀)% ခန့်ဖြင့်ချေးယူနိုင်ကြပါသည်။ ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထား ရှိပါသည်။

ကျေးရွာတွင်ချေးငွေကို အကြောင်းအရင်းမျိုးစုံတို့ အတွက် ချေးယူကြပြီး ကျေးရွာတွင်ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရပါသည်။ ကျေးရွာအတွင်းအကြွေးထားရှိမှု လေ့လာဆန်းစစ်ခဲ့ချက်အရ အိမ်ထောင်စုအားလုံး ၏ ၆၅% သည် ၂၀၀၀၀၀ မှ ၅၀၀၀၀၀ အထိ ချေးယူထားသည်ကို တွေ့ရပါသည်။ အိမ်ထောင်စု ၁၅% မှာ ငါးသိန်း အထက် ချေးယူထားသည်ကို တွေ့ရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် အထက်တန်းကျောင်းကို ၁၈၀ ပေ၊ ၃၀ ပေ၊ ၁၈ ပေရှိ စာသင်ဆောင် ၄ ဆောင်၊ ၉၀ ပေ၊ ၃၀ပေ၊ ၁၈ပေ ရှိ တစ်ဆောင်၊ ၁၂၀ပေ ၊ ၃၀ပေ၊ ၁၈ပေ ရှိ တစ်ဆောင် တို့ကို သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေခင်း ကျောင်းဆောင် များတွင်သင်ကြားပေးသည်။ ရွာသားအားလုံးမှာ ရေးတတ် ဖတ်တတ်ကြသည်။ ရွာ၏ ကျောင်း တက်နှုန်းမှာမြင့်မားပါသည်။ ရွာနီးပတ်ဝန်းကျင် များမှလည်း ကျောင်းသားများ တက်ရောက်

လာကြသော ကြောင့် ပရိဘောဂ၊ စာသင်ဆောင်၊ နည်းပညာလိုအပ်ချက် (ကွန်ပျူတာ၊အားကစား) နှင့် ဝန်ထမ်းများနေအိမ် တို့မှာလို အပ်နေပါသည်။ ကျောင်းတွင် မူလတန်းပြ ဆရာ/မ (၁၀)ဦး၊ အလယ်တန်းတွင် (၁၇)ဦး နှင့် အထက်တန်းတွင် (၁၂) ဦးတို့ဖြင့် ပညာသင်ကြားနေပါသည်။ကျောင်းတွင် တပည့်ဆရာ အချိုးသည် မူလတန်း တွင် ၃၅.၈၊ အလယ်တန်းတွင် ၄၅၊ နှင့် အထက်တန်းတွင် ၃၂.၆၇ ရှိသောကြောင့် ကျောင်းဆရာ/မ အင်အား အနည်းငယ်လိုအပ်ပါသည်။လွန်ခဲ့ သောကျောင်းဖွင့် ရာသီက ကျောင်းသားများ အတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့် ခန်းစာအုပ်များကို အခမဲ့ ပံ့ ပိုးပေးခဲ့ပါသည်၊

ကျေးရွာတွင် တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ဆမလက်မှတ်ရ ဆရာဝန် ထိုင်သော ပုဂ္ဂလိက ဆေးခန်း (၃)ခု လည်းရှိပါသည်၊ ထို့ကြောင့် ကျေးရွာသည် ကျန်းမာရေး လက်လှမ်းမီပါသည်။မြို့နှင့်နီးပြီးကားဖြင့် အလွယ်တကူ သွားနိုင်သဖြင့် အအေးခန်းဖြင့် သိုလှောင်ရန် လိုအပ်သော ဆေးအချို့ကို ရေခဲပုံး များသုံးပြီး သိုလှောင်ထားနိုင်ပါသည်။

သောက်သုံးရေအတွက်လက်နှိပ်ရေတုံကင်နှင့် မော်တာသုံးရေတုံကင်များ၊ ရေတွင်းများမှ ရေရရှိပြီး လုံလောက်မှုရှိပါသည်။ အိမ်ထောင်စုအများစုက အိမ်သာကျင်းများကို ကွန်ကရစ်ခွေဖြင့်လည်းကောင်း၊ အုတ်ဖြင့် လည်းကောင်း၊ ဝါးရိုင်ပက်များဖြင့် လည်းကောင်း ဆောက်လုပ်သုံးစွဲကြပါသည်။ တစ်ရွာလုံးယင်လုံ အိမ်သာ ဆောက်လုပ်သုံးစွဲကြသည်။ ထို့ကြောင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတက်သော ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ စာသင်ကျောင်း နှင့် ဘုန်းတော်ကြီးကျောင်းတွင် လုံလောက်သောအိမ်သာများကို စနစ်တကျ ဆောက်လုပ်ထား ပါသောကြောင့် အသုံးပြုမှုလွယ်ကူပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် ကျေးရွာတွင် အပန်းဖြေအနားယူနိုင်သည့်နေရာ သီးသန့်မရှိသော်လည်း ငွေဆောင်၊ ချောင်းသာ ကဲ့သို့သော အပန်းဖြေစခန်းများနှင့် နီးပါသည်။အားကစားဆိုင်ရာ ဘောလုံးကွင်း ရှိသော်လည်း ပြန်လည်ပြင်ဆင်ရန်လိုအပ်နေပါသေးသည်။ အခြားအားကစားနည်းများအတွက်လည်း ပံ့ပိုးမှုများ လိုအပ်ပါ သေးသည်၊ သူတို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲ တော် များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင် ကြပါ သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြပါသည်။

(ဇ) အခြေခံအဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ရွာတွင်းရှိလမ်းအများစုမှာ မြေသားလမ်းများဖြစ်ပြီး တစ်နိုင်တစ်ပိုင်ခင်းထားသော ကျောက်ခင်း လမ်း များရှိပြီး ကား၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်များနှင့် ဆိုင်ကယ်များကို အသုံးပြုမောင်းနှင်ကြပါသည်။ ရေလမ်း ခရီးကို အသုံးပြုကြပြီး စက်လှေ၊ လှေ၊ တို့ကို အသုံးပြုမှု များပြားသည်။ ဆိပ်ခံတံတားရှိပြီး အနီးအနားကျေးရွာများ နှင့် ကုန်သွယ်ရောင်းဝယ်မှုပြုကြသော ရေယာဉ်များလည်းဆိုက်ကပ် အသုံးပြုကြပါသည်။ ကုန်းလမ်းဆက်သွယ် ရေးအတွက် မော်တော်ဆိုင်ကယ် (၃၄၆) စီး၊ ကားလိုင်း (၂)ခု၊ ကား (၁၈)စီး၊ စက်ဘီး (၁၄၀) စီး၊ သုံးဘီးဆိုင်ကယ် (၆)စီး တို့ကို အသုံးပြုလျက်ရှိသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ဇီဝလောင်စာ စက်ရုံ ၂ ခု၊ ဒီဇယ်အင်ဂျင်များ၊ ဆိုလာတို့ကို အသုံးပြုကြရပါ သည်။လျှပ်စစ်မီးမှာ ကျေးရွာ၏ အဓိက လိုအပ်ချက်ဖြစ်ပြီး ရရှိနေသော လျှပ်စစ်များမှာ ဝန်နှင့် အား မမျှတမှုတို့ ကြောင့် အချိန်အကန့်အသတ် ဖြစ်သာ အသုံးပြုရပါသည်၊ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက် နှင့် အခြားလူမှုဝန်ဆောင်မှုများအတွက် လက်လှမ်းမီ အသုံးပြုနိုင်

ကြပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက်အလက် ချိတ်ဆက်မှုများအတွက် များစွာအသုံးဝင်လှပါသည်။ ကျေးရွာတွင် ရတနာစာကြည့်တိုက် ရှိပြီး ကျေးရွာအတွင်းအလှူရှင်များထံမှ စာအုပ်များကို လက်ခံရရှိနိုင်ပါသည်။ စာကြည့်တိုက်ကို နေ့စဉ်ဖွင့်လှစ်ထားရှိပြီး လာရောက် ငှားရမ်းဖတ်ရှုကြပါသည်။ရွာသားတို့သည် သတင်းစာ၊ ဂျာနယ်တို့ကို ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာအနေဖြင့် တယ်လီဖုန်းဆက်သွယ်ရေးမှာ ကောင်းမွန်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်နှင့် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်း အရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားမှု မရှိသလောက် နည်းပါးသည်။ ကျေးရွာတွင် သဘာဝ ဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိသေးပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ် တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားမှုနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်စေမည့်အခြေအနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ခြင်းမရှိသေးသော်လည်း ၁မိုင် ခန့်သာ ဝေးကွာသော မအေဲ ကုန်းကျေးရွာအနီးတွင် မဟာဓါတ်အားလိုင်းခွဲ ရုံတည်ဆောက်ရန် တည်ဆောက်ဆဲ အခြေအနေ ရှိနေခြင်းသည်လည်း မျှော်လင့်ချက်တစ်ခုဖြစ်သည်။ ရွာမီးလင်းရေးအတွက် ဓီဝလောင်စာ၊ ဒီဇယ် အင်ဂျင်၊ ဆိုလာမီးတို့ဖြင့် ကျောင်းသားကျောင်းသူတို့အတွက် စာဖတ်ချိန်အထောက်အပံ့ ဖြစ်စေခြင်းနှင့် လူနေမှု အဆင့်အတန်းမြင့်မားလာရေး တို့အတွက် ဆောင်ရွက်နေကြပါသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ (၇၂.၀၆)% သည် အလုပ်လုပ်နိုင်သော အရွယ်များ ဖြစ်ကြသည်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကြောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်ပေးခြင်းဖြင့် တိုးတက်လာစေနိုင်ပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ကြပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အလွယ်တကူလက်လှမ်းမီနိုင်ကြပါသည်။ စိုးရိမ်ရသော ဆေးဝါးကုသလိုမှု အတွက်လည်း ပုသိမ်မြို့ ဆေးရုံကြီးသို့လည်း သွားရောက် ကုသမှု ခံယူနိုင်ကြပါသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လိုအပ်နေဆဲဖြစ်ပါသည်၊

သဘာဝ အရင်းအမြစ်များအနေတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့် ကောင်းမွန်သည်။တောင်သူများလည်းလယ်ယာထွက်ကုန်များကိုအလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုး ထုတ်လုပ်မှုအတွက်အထောက်အကူ ဖြစ်ပါသည်။ ကျေးရွာတွင် ချောင်းရေသွင်း၍ နွေစပါး ၅၀၀ ဧကကို စိုက်ပျိုးထုတ်လုပ်ပါသည်။ ကျေးရွာသည် ပုသိမ်မြို့၊ ကမ်းခြေမြို့များနှင့် ရန်ကုန်မြို့တို့သို့ ကားလမ်း၊ ရေလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာ ထွက်ကုန်များကို အချိန်မီ တင်ပို့ရောင်းချနိုင်ပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရောင်းချရန်အတွက် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများနှင့် ဈေးကွက်ဖန်တီးမှုများကို ပြုလုပ်ပါက အထူးတိုးတက်လာနိုင်ပါသည်။ ကျေးရွာချင်းဆက် လမ်း များကောင်း မွန်ပြီး ဒေသတွင်း လုပ်သားအင်အားပေါများမှုကလည်း ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံ များတည်ဆောက်နိုင်ရန် အခွင့်အလမ်းသာလျက်ရှိသည်။

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်၊ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်း အရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။အင်တာနက် အသုံးပြုမှုမှာ လည်းကောင်းမွန်ပါသည်၊

(ခ)အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေများသည် မြေဩဇာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ၊ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန် မဖြစ်နိုင်သဖြင့် လယ်သမားများအတွက်နှုန်းတိုးတက် အောင်

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

ကျေးရွာလူထု အားလုံးပူပေါင်းပါဝင်ပြီး လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုး ရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

က.၁)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှ ဝင်ငွေ ရှာဖွေနိုင်စွမ်း နှင့် စီးပွားရေး အနေအထား တိုးတက် ရရှိလာစေရမည်၊

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာ လူထုသည် သက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် စီးပွားရေး အုပ်စုများဖွဲ့ပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှ တဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ယန္တယား တိုးတက်လာစေရ မည်၊

က.၄) ကျွန်ုပ်တို့ ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံ အဆောက်အဦး များဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ပြီး ကောင်းမွန်သော ဈေးကွက်ကြီးကို ဖန်တီးတည်ဆောက်မည်။

က.၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးများကို ချမှတ်ပြီးကျေးရွာသူ/သားတို့၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့် ရှောက်မည်။

က.၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများဖော်ထုတ်ပြီး အရည်အသွေးမြင့် စိုက်ပျိုးရေး ထုတ်ကုန်များထုတ်လုပ်မည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှု များကို ဆောင်ရွက်သွားမည်၊

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းများနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေ ရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား အိမ်တွင် မှုလုပ်ငန်းများအတွက် ခွဲဝေနေရာ ချထားပေးမည်။ အလားတူပင်ကျေးရွာတွင် စိုက်ပျိုးရေး ၊မွေးမြူရေးနည်းပညာ ထွန်းကားလာရေးအတွက် သင်တန်းများတက်ရောက်နိုင်ရေး အတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။ သင်တန်းတက်ထားသူများကလည်း ရရှိထားသော နည်းပညာများကို ကျေးရွာရှိလူထုကို ပြန်လည်မျှဝေပေးပြီး မိမိကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချပြီး ထုတ်လုပ်မှုကို တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဓာတ်ပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ ပန်းရံ၊ လက်သမား၊စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင် စသောသင်တန်းများတက်ရောက်နိုင်ရန် စီစဉ်ပေးမည်၊ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့ နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းများနှင့် ချေးငွေ များအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေ ရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေ များရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား အိမ်တွင်း မှုလုပ်ငန်းများအတွက် ခွဲဝေနေရာ ချထားပေးမည်၊ အလားတူပင်ကျေးရွာတွင် စိုက်ပျိုးရေး ၊မွေးမြူရေးနည်းပညာ ထွန်းကားလာရေးအတွက် သင်တန်းများ တက်ရောက်နိုင်ရေး အတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။ သင်တန်း တက်ထားသူများကလည်း ရရှိထားသော နည်းပညာများကို ကျေးရွာရှိလူထုကို ပြန်လည်မျှဝေပေးပြီး မိမိကိုယ် တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချပြီး ထုတ်လုပ်မှုကို တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဓာတ်ဆိုးပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ ပန်းရံ၊ လက်သမား၊စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင် စသောသင်တန်းများတက်ရောက်နိုင်ရန် စီစဉ်ပေးမည်၊ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့ နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာရှိ အထက်တန်းကျောင်းကို မြှင့်တင်ပေးခြင်း၊ လိုအပ်သောစာသင်ဆောင် များဆောက်လုပ်ခြင်း၊ ဝန်ထမ်းဆောင် ဆောက်လုပ်ပေးခြင်းတို့ဖြင့် စာသင်ကြားရာတွင် အေးချမ်းပျော်ရွှင်စွာ သင်ကြားနိုင်ရန် ဆောင်ရွက်ပေးမည်။ မူကြိုကျောင်းအား ပြည့်စုံသောထောက်ပံ့မှုရရှိအောင် ဆောင်ရွက် ပေးမည်။ကျောင်းအားကစားတိုး တက်စေရန် အားကစားကွင်းကို အဆင့်မြှင့်တင်ပေးမည်၊ နည်းပညာ အတွက် ကွန်ပျူတာများတပ်ဆင် သင်ကြား နိုင်ရန် ဆောင်ရွက်ပေးမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းများအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပြီး ကျေးရွာဈေးဆောက် လုပ်ပေးမည်၊ ကျေးရွာ၏အခြေခံ အဆောက်အဦးများ တိုးတက်ကောင်းမွန်လာစေရေး ဆောင်ရွက်မည်။ တစ်ချိန်တည်းတွင် ကျေးရွာ အဆောက်အအုံများကို အသုံးပြု စီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်ရေးကိုလည်း တိုးတက်နိုင် အောင်ဆောင်ရွက်ကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြု လုပ်ငန်းများကို အကောင် အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုးတက်နိုင်အောင် ဆောင်ရွက်ကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်း များကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများ ကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်း ရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင် ရွက်မည်။

၇။ ကျေးရွာဖွံ့ရေး စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်း ရမည့်ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီစဉ်တို့ကို ရင်းနှီးကျွမ်းကျင်ပြီးသော အစိုးရဆိုင်ရာ များနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ပြုစုဖော်ထား ပါသည်၊ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ၊ ထိုမှတဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေး နိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရ ထံမှလည်းအထောက်အပံ့ ရရှိမည် ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ် များကိုလည်း သက်မှတ်ကာလအတိုင်း ပုံမှန်စီစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာဦးစားပေးစီမံ ချက်များနှင့် ဘက်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက်ကို ပြင်ဆင်ရန်ဖြစ်ပါသည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် မိုးစပါး၊ ဆောင်းစပါး၊ ရော်ဘာနှင့် အခြားသီးနှံများကို စိုက်ပျိုးပါသည်။ စပါးစိုက်ပျိုးရာ တွင်ရေကြီးနစ်မြုပ်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ ရေကြီးနစ်မြုပ်မှုနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရန် ခေတ်မီလယ်ယာ မော်ထုတ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်အောင် သက်ဆိုင်ရာ အစိုးရဌာနများ နှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။ ဖျက်ပိုးများ အန္တရာယ်အတွက်လည်း နှိမ်နင်းရေး ဝန်ဆောင်မှုများ လိုအပ်နေပါသည်။ စပါးနှင့် ရော်ဘာဈေးနှုန်း ကျဆင်းမှုကြောင့် တောင်သူများ အရှုံးနှင့် ရင်ဆိုင်နေရပါသည်။ စိုက်ပျိုးနိုင် သောမြေနေရာများ ရှိသေးပြီး ဝင်ငွေကောင်းမွန်သော စိုက်ပျိုး ရေးများလုပ်ဆောင်နိုင်ရန် နည်းပညာများနှင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်သင့်ပါ သည်။

(ဂ) ငွေကြေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများတွင် စိုက်ပျိုးရေးချေးငွေ ၊ မွေးမြူရေးချေးငွေ၊ အသေးစားစက်မှု လက်မှု လုပ်ငန်းများ အတွက်ချေးငွေ နှင့် အိမ်တွင်းမှုစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများ ကာလရှည်နှင့် အတိုးနှုန်းသက်သာ စွာချေးယူရရှိနိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လာနိုင်ပါသည်။ အထူးသဖြင့် လယ်သမားများနှင့် အသေးစား လုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ အတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါ ယမ အသင်းဖွဲ့စည်းထားပြီး ဖြစ်သော်လည်း မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူ ရွာသူ၊ ရွာသားများအတွက် ထပ်မံ၍ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။ ကျေးရွာအတွက် အကျိုးပြုမှု များသော ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန၏ မြစိမ်းရောင် ချေးငွေ စီမံကိန်းကိုလည်း ဆောင်ရွက်သင့်ပါသည်။

(ဃ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်အသေးစား စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင် နှင့် အမြက်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့် အလမ်းများရရှိပါမည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှု နည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များလက်လှမ်းမှီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြား နေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်းများ)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထည့် သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ ကျေးရွာမှအသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များလုပ်နိုင်ရန် အခွင့် အလမ်းများရှိနေပါသည်။ နိုင်ငံတော်အစိုးရ အနေဖြင့် လည်းစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲမှုအောက်တွင်ထားရှိကာ တစ်နှစ် ပတ်လုံးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်အချို့နှင့်

တိုးရဲ့ပညာပေးရေး ဝန်ထမ်းအရှိုပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှ သည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်းရှိရပါမည်။

(င) ကျေးလက်ဈေးဆောက်လုပ်ရေး

ကျေးရွာတွင် ဆိုင်ခန်း(22) ခန်းပါရှိသော ဈေးတစ်ခု ရှိပါသည်။ ဆိုင်ခန်းများကို ပျဉ်ကာ၊ပျဉ်ခင်း သွပ်မိုး များဖြင့်ဆောက်လုပ်ထားပြီး ဟင်းသီးဟင်းရွက်နှင့် သားငါးတန်းကို သွပ်မိုး ပျဉ်ခင်းဆောက် လုပ်ထားပါသည်၊ ဈေးဆိုင်ခန်းများရှိသော်လည်း ဆိုင်ခန်း အရေအတွက်နည်းပါးပြီး အမျိုးအစားစုံလင်စွာ ရောင်းချနိုင်ရန် ရေ၊ သန့်ရှင်းရေးစနစ် နှင့် လမ်းတို့စနစ်တကျ ပါဝင်သော ဈေးအဆောက်အဦး တည်ဆောက်ရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာအပြင် အနီးဝန်းကျင်များမှ ရွာသူရွာသားများနှင့် ခရီးသွားပြည်သူများမှလည်းအဆင်ပြေ ချောမွေ့စွာ နှင့် ကုန်စည်များကို ကူသန်းရောင်းဝယ် နိုင်ကြပါမည်။

(စ) ပညာရေး တိုးတက်ကောင်းမွန်လာစေရေး

ကျေးရွာတွင် အထက်တန်းကျောင်းရှိပြီး ကျောင်းသားဦးရေများပြားကာ အဆောက်အဦး မလုံလောက်မှုတို့ကို ကြုံတွေ့နေရပါသည်၊ ရရှိထားသောကျောင်းဆောင်အရေအတွက် အပြင်ထပ်မံ၍ သိပ္ပံလက်တွေ့ဆောင်ရွက်ရန် အဆောက်အဦး နှင် စာသင်ဆောင် ထပ်မံဆောက်လုပ် ရန်လိုအပ်ပါသည်၊ ကျောင်းဆရာ/ မများအတွက် ဝန်ထမ်းအိမ်ယာ မရှိခြင်းကြောင့် ဆရာ/မ များသွားလာရေးနှင့် နေထိုင်ရေး တို့မှာ အခက်အခဲနှင့် ကြုံတွေ့ရပါသည်။ ထို့ကြောင့် ဝန်ထမ်းအိမ်ယာ ဆောက်လုပ်ပေးရန်လိုအပ်ပါသည်၊ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစား ကွင်းအဆင့်မြှင့်တင်ခြင်းနှင့် အားကစားဆိုင်ရာ ပစ္စည်းများပံ့ပိုးပေးရန်လိုအပ်ပါသည်။ နည်းပညာတိုးတက်ရေး အတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ လိုအပ်ပါသည်။ ကျောင်းစာကြည့်တိုက် အတွက် လစဉ်ပညာရေး စာဆောင်များနှင့် ကလေးများအတွက် လစဉ်ထုတ်ဂျာနယ်၊ ကာတွန်းနှင့် အသိပညာတိုးပွားစေရေးအတွက် စာအုပ်များကို လစဉ်လှူဒါန်းနိုင်ရန် လိုအပ်ပါသည်။

(ဆ) ကျန်းမာရေးတိုးတက်လာစေရေး

ကျေးရွာရှိ တိုက်နယ်ဆေးရုံ နှင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတို့ တွင် ကုတင်နှင့် ပရိဘောဂ များမှာ လုံလောက်မှုမရှိပါ၊ ဝန်ထမ်းအင်အား မလုံလောက်မှုကြောင့် ရှိသောဝန်ထမ်းများမှာ ပင်ပန်းကြရပါသည်။ ထို့ကြောင့် လစ်လပ်နေသော ဝန်ထမ်းအင်အားများ ရရှိလာအောင် ဆောင်ရွက်ရပါမည်။ တိုက်နယ်ဆေးရုံတွင် ဓါတ်မှန် နှင့် ဆေးသိုလှောင်မှုအတွက် လိုအပ်သော အဆင့်မြင့် အထောက်အပံ့များကို လိုအပ်နေပါသည်။

(ဇ)လမ်းပန်းဆက်သွယ်ရေး

ကျေးရွာ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ စက်ဘီး၊ သုံးဘီး ဆိုင်ကယ်များကို အသုံးပြု၍ သွားလာနေပါသည်။ လမ်းကြီး၊လမ်းငယ်များကို စနစ်တကျ စီမံခန့်ခွဲရန် လိုအပ်ပြီး သွားလာနေသောယာဉ်များ အားနှင့် ဝန်စံနိုင်စေရန် ရွာတွင်းလမ်းများကို ကျောက်ချောလမ်း များခင်းရန် လိုအပ်ပါသည်၊ ပြောင်းလဲတိုးတက်လာမှုနှင့်အညီ လမ်းများဖွံ့ဖြိုးတိုးတက် လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ မှ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ရွာတွင်းလမ်းအချို့မှာ မိုးရာသီရေကြီးချိန်များတွင် ရေနစ်မြုပ်မှုကြောင့် သွားလာရေးများ ကိုလည်း ခက်ခဲစေပါသည်။ ထို့ကြောင့် ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်း ကို ပြုလုပ်ရပါမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘော ထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက် ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များသို့ ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည် ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ်ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှု မရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ် တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွား ကြပါမည်။ သို့ပါသောကြောင့် ငါးနှစ် တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှု မရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံ ချက်များသာ ပါဝင်လာနိုင်သည်။ ထို့ ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည် ဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ဃ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာ နှင့် ရင်းနှီးမြှုပ်နှံမှု ကို အခြေခံပြီး အုပ်စုခွဲခြားသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သက်မှတ်ခြင်း (Functional classification) ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်ပါသည်၊ ရင်းနှီးမြုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသက် မှတ်ခြင်း( Economic Classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံး ငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သက်မှတ်ခြင်း (Functional classification) သည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော ကဏ္ဍ အပိုင်းအ ခြားများကို သိရှိစေနိုင်သည်၊

ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍စီမံကိန်းအုပ်စုသက်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်ပါသည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ကျေးရွာလူထုမှ နှစ်သက်ရာအမှတ်ပေးအဆင့် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှလည်း နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစီအစည်းအဝေးတွင် သဘောတူသက်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယား တွင်ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေးအဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာချင်းဆက် လမ်းများနှင့် ရွာတွင်းလမ်းများ ကျောက်ချောလမ်းခင်းခြင်း | ၁ | A | A | A | A | A |
| ၂ | မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်ရရှိရေး | ၂ | A | A | A | A | A |
| ၃ | ဆက်သွယ်ရေး နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး(ICT) | ၃ | A | A | A | A | |
| ၄ | အတိုးနှုန်းသက်သာပြီး ကာလရှည် ချေးငွေရရှိရေး | ၄ | A | A | A | A | |
| ၅ | ခေတ်မီလယ်ယာဖော်ထုတ်ရေး | ၅ | A | A | A | | |
| ၆ | လူငယ်များစွမ်းဆောင်ရည် မြှင့်တင်ပေးရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေရေး | ၆ | A | A | A | | |
| ၇ | အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြှင့်တင်ပေးရေး | ၇ | A | A | | | |
| ၈ | မီးဘေးကာကွယ်ရေးနှင့် ကျေးရွာလုံခြုံရေး | ၈ | A | A | | | |
| ၉ | ကျေးရွာရေးကြီးရေလျှံမှုမှကာကွယ်ရန် ကျေးရွာတွင်းရေမြောင်းများဖော်ထုတ်တူးဖော်ခြင်း | ၉ | A | A | A | | |
| ၁၀ | သန့်ရှင်းသပ်ရပ်သော အဆင့်မှီဈေးတည်ဆောက်ခြင်း | ၁၀ | A | A | A | | |
| ၁၁ | မွေးမြူရေးနှင့် ရေလုပ်ငန်းတိုးတက်လာစေရေး | ၁၁ | A | A | A | A | A |
| ၁၂ | ပညာရေးနှင့် ကျန်းမာရေးတိုးတက်လာစေရေး | ၁၂ | A | A | A | A | A |
| ၁၃ | ပို့ဆောင်ရေးနှင့် အခြေခံ အဆောက်အဦး | ၁၃ | A | A | | | |

၉။ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘက်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာများ(indicative) အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘက်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံ ချက်များကို ရေးဆွဲရာတွင် မြို့ နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘက်ဂျက်အပါအဝင် စီမံချက် ပြုစုရေးဆွဲ အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

## သလပ်ခွါကျေးရွာ၊ သလပ်ခွာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန်းစိုး | ဦးနီထွေး | ၁၄/ပသန(နိုင်)၁၁၀၈၇၆ | ၅၄နှစ် | နာယက | ၀၉-၇၇၆၂၅၈၄၄၀ |
| ၂ | ဦးသိန်းထွန်း | ဦးစိန်အေး | ၁၄/ပသန(နိုင်)၁၁၀၇၉၁ | ၄၆နှစ် | နာယက | - |
| ၃ | ဦးချစ်ရွှေ | ဦးနီထွေး | ၁၄/ပသန(နိုင်)၁၂၀၈၉၀ | ၆၁နှစ် | ဥက္ကဋ္ဌ | ၀၉-၇၇၂၄၂၀၇၄၀ |
| ၄ | ဦးကျော်စွာမင်း | ဦးလှကြည် | ၁၄/ပသန(နိုင်)၁၅၉၄၈၂ | ၃၈နှစ် | အတွင်းရေးမှူး | ၀၉-၇၇၂၆၅၂၀၀၆ |
| ၅ | ဦးဝင်းကိုအောင် | ဦးစိန်ခင် | ၁၄/ပသန(နိုင်)၂၀၇၂၇၁ | ၃၅နှစ် | ဘဏ္ဍာရေးမှူး | ၀၉-၇၉၂၇၅၇၆၁၁ |
| ၆ | ဦးသီဟကျော်ကျော်ခက် | ဦးအောင်မြင့် | ၁၄/ငဆန(နိုင်)၀၀၀၂၉၉ | ၂၉နှစ် | စာရင်းကိုင်-၁ | ၀၉-၇၉၄၄၉၇၄၅၄ |
| ၇ | ဦးထွန်းထွန်းနိုင် | ဦးမြင့်မောင် | ၁၃/နမတ(နိုင်)၀၀၁၃၇၇ | ၄၀နှစ် | စာရင်းကိုင်-၂ | ၀၉-၇၉၄၅၃၁၅၇၇ |
| ၈ | ဦးဝေယံမင်းပြည့် | ဦးသန်းဝင်း | ၁၄/ငဆန(နိုင်)၀၀၂၉၀၇ | ၂၀နှစ် | စာရင်းစစ်-၁ | ၀၉-၇၈၃၇၉၇၁၈၀ |
| ၉ | ဒေါ်သန်းသန်း | ဦးတင်မောင် | ၁၄/ပသန(နိုင်)၁၁၁၁၄၅ | ၅၁နှစ် | စာရင်းစစ်-၂ | ၀၉-၇၉၄၅၃၁၃၅၂ |
| ၁၀ | ဦးစိုးနိုင် | ဦးစိန်အောင် | ၁၄/ပသန(နိုင်)၁၇၂၀၄၆ | ၄၆နှစ် | အဖွဲ့ဝင် | ၀၉-၇၈၂၁၉၂၅၂၆ |
| ၁၁ | ဦးချေးရွှေ | ဦးထွန်းကြည် | ၁၄/ပသန(နိုင်)၁၅၅၃၆၇ | ၄၁နှစ် | အဖွဲ့ဝင် | ၀၉-၇၉၂၇၇၃၉၆၃ |
| ၁၂ | ဦးမျိုးဝင်း | ဦးအောင်မြင် | ၁၄/ပသန(နိုင်)၁၈၇၁၈၅ | ၃၉နှစ် | အဖွဲ့ဝင် | ၀၉-၇၈၃၈၂၄၀၀၅ |
| ၁၃ | ဦးမြင့်အောင် | ဦးကြွေ | ၁၄/ပသန(နိုင်)၁၁၁၀၉၀ | ၅၀နှစ် | အဖွဲ့ဝင် | ၀၉-၇၇၀၆၂၄၆၃၄ |
| ၁၄ | ဒေါ်အေးမြင့် | ဦးကြည်အေး | ၁၄/ငဆန(နိုင်)၀၀၀၁၈၉ | ၅၀နှစ် | အဖွဲ့ဝင် | ၀၉-၇၉၄၄၉၇၄၅၄ |
| ၁၅ | ဒေါ်တင်မိုးဝေ | ဦးလှမြင့် | ၁၄/ငဆန(နိုင်)၀၀၀၁၉၀ | ၄၁နှစ် | အဖွဲ့ဝင် | ၀၉-၄၄၈၈၉၄၀၉၅ |

ပြည်နယ်/တိုင်း -
မြို့နယ် -
ကျေးရွာအုပ်စု -
ကျေးရွာ -

ရက်စွဲ -

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၃ | ၁၈ | ၃၁ | ၁.၄၄ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၅၅ | ၄၃ | ၉၈ | ၄.၅၅ |
| ၅ နှစ်မှ ၉နှစ် | မူလတန်းကျောင်းသားအရွယ် | ၇၅ | ၈၇ | ၁၆၂ | ၇.၅၂ |
| ၁၀ နှစ်မှ ၁၄နှစ် | အလယ်တန်းကျောင်းသား အရွယ် | ၁၀၈ | ၁၀၉ | ၂၁၇ | ၁၀.၀၇ |
| ၁၅ နှစ်မှ ၆၀ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၄၃ | ၈၁၀ | ၁၅၅၃ | ၇၂.၀၆ |
| ၆၀ နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၄၃ | ၅၁ | ၉၄ | ၄.၃၆ |
| **စုစုပေါင်း** | | ၁၀၃၇ | ၁၁၁၈ | ၉၄ | ၂၁၅၅ |
| **စုစုပေါင်း အိမ်ထောင်စု -** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၃.၇၄** | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျားမအချိုးမှာ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်ပိုမို များပြားသည်။ လုပ်သားဦးရေများသောကြောင့် စီးပွားရေးအဆင်ပြေနိုင်ပါသည်။ မြန်မာနိုင်ငံပျမ်းမျှ လူဦးရေအောက် လျော့နည်းပါသည်။ ကျောင်းတက်နိုင်သောအသက်အရွယ်ရှိသူများသည် ကျေးရွာရှိအထက်တန်းကျောင်းတွင် ပညာသင်ကြားနေကြပါသည်။ ထို့ကြောင့် အနာဂါတ်သားကောင်းရတနာများ ပေါ်ထွက်နိုင်ပါသည်။ ကလေးမွေးဖွားနှုန်းမှာ အသင့်အတင့်မျှသာရှိပါသာသည်။ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် များပြားသောကြောင့် အမျိုးသမီးများအခွင့်အရေးနှင့် ဝင်ငွေရရှိသောလုပ်ငန်းများဖန်တီးပေးရန်လိုအပ်ပါသည်။ (၅)နှစ်အောက်ကလေးငယ်များရှိနေခြင်း အတွက် မူ/ကြိုကျောင်းဆောင်ကိုတိုးတက်အောင်ဆောင်ရွက်ရပါမည်။ လုပ်သားဦးရေများပြားသောကြောင့်ကျေးရွာတွင် စက်ရုံ၊အလုပ်ရုံနှင့်လုပ်ငန်းခွင်များဖော်ဆောင်ပေးရန်လိုအပ်ပါသည်။ အသက်(၆၀)နှင့်အထက် အရွယ်များရှိနေခြင်းအတွက် သက်ကြီးရွယ်အိုစောင့်ရှောက်မှုအဖွဲ့အစည်းများဖွဲ့စည်းနိုင်ရန်လိုအပ်ပါသည်။

**(၁.၂) အလုပ်လုပ်နိုင်သူ အင်အား**

**(၁.၂.၁) လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်ဦးရေ | | |
| ၁ | စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၀ | ၁၆.၅၈ | ၂၀၀ | | ဈေးငွေလိုအပ် |
| | အလုပ်သမား၊ ကျွပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၆၀ | ၂၆.၅၃ | ၂၀၀ | | ဝင်ငွေအရနည်း |
| | မိသားစုဝင် လုပ်အား | | | | | |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၁၇ | | | တိုးတက်မှုရှိရန်လိုအပ် |
| | အလုပ်သမား၊ ကျွပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၀.၅ | | | ဝင်ငွေနည်း |
| | မိသားစုဝင် လုပ်အား | | | | | |
| ၃ | ငါးဖမ်း လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၀ | ၅ | | | နည်းစနစ်လိုအပ် |
| | အလုပ်သမား၊ ကျွပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၀.၈၃ | | | ဝင်ငွေနည်း |
| | မိသားစုဝင် လုပ်အား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျွပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၀.၆၆ | | | |
| | အလုပ်သမား၊ ကျွပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | ၀.၆၆ | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၆ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၀.၈၃ | | | |
| | အလုပ်သမား၊ ကျွပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၀.၅ | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၇ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၀.၆၆ | | | |
| | အလုပ်သမား၊ ကျွပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၀.၅ | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၈ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃ | ၁.၆၆ | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသား စုဝင် ဦးရေ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၀.၅ | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁.၆၆ | - | ၃၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | ၃၆ | ၂၀ | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၀ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉၀ | ၁၄.၉၃ | ၁၅၀ | ၁၆၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၇၀ | ၁၁.၆ | ၁၀၀ | - | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၁ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၀ | ၄.၉၈ | ၃၀ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၀ | ၁.၆၆ | ၁၀ | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၂ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၂.၄၉ | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃၀ | ၄.၉၈ | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၃ | ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၁၇ | ၃ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၀.၅ | ၃၀ | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၄ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ | ၁၀ | ၁.၆၆ | ၁၀ | | |

| စဉ် | လုပ်ငန်းများ | အခိက အလုပ်အကိုင် | | | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် ဦးရေ | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၆ | ပညာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၀.၈၃ | ၅ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁.၅ | ၂.၄၉ | - | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၇ | ကျန်းမာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၀ | ၁.၆၆ | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၈ | လူမှုရေး လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၉ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၀.၅၀ | ၁၀ | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၂၀ | ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ၊ (ဥပမာ - UN, INGOs, Companies. etc.,) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၀.၅၀ | ၃ | | |
| | မိသားစုဝင် လုပ်အား | | | | | |
| | စုစုပေါင်း | | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ■ ကျေးရွာအတွင်းစိုက်ပျိုးရေးလုပ်ကိုင်သူအရေအတွက်မှာ များပြားပါသည်။ ဖွံ့ဖြိုးတိုးတက်မှုရှိရန်နှင့် ခေတ်မီသောစိုက်ပျိုးရေးနည်းစနစ်များရှိရန်အတွက် အထောက်အပံ့နှင့်အကူအညီများလိုအပ်ပါသည်။ တိရစ္ဆာန်မွေးမြူရေးကို စီးပွားဖြစ်မွေးမြူလိုကြသော်လည်း အခက်အခဲအနည်းအငယ်ရှိပါသည်။ နည်းပညာဗဟုသုတနှင့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အကူအညီအထောက်အပံ့ကောင်းများရရှိရန်လိုအပ်ပါသည်။ လက်လီလက်ကားရောင်းဝယ်ရေးကို လုပ်ကိုင်ကြပြီး အဆင်ပြေချောမွေ့ကြပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် ရောင်းဝယ်

ဖောက်ကားမှုပိုမိုမြန်ဆန်လာပါသည်။ အလှအပဆိုင်ရာလုပ်ငန်းများအတွက် ပညာရှင်များအနေဖြင့် အထိုက်အလျောက်အဆင်ပြေကြပါသည်။ ပို့ဆောင်ရေးလုပ်ငန်းကိုလုပ်ကိုင်သူများအနေဖြင့် ရွာချင်းဆက်လမ်းများကောင်းမွန်ပါက ပိုမိုအဆင်ပြေလာနိုင်ပါသည်။ အခြားလုပ်ငန်းများမှာလည်း ကောင်းမွန်သောအနေအထားတွင်ရှိပါသည်။

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခ နှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခ နှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | ၁၀၀၀၀ | - | ၅၀၀၀ | - | တစ်နိုင်တစ်ပိုင်ရေချိုငါးဖမ်းလုပ်ငန်း |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | - | - | ဆန်လုပ်ငန်း |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၅၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၀၀၀၀ | - | ၆၀၀၀ | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၈၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၇၀၀၀ | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၂၅၀၀ | ၁၈၀၀ | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမားအုပ်စု။

**မှတ်ချက်**

(၁) လစာစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ အများဆုံးရရှိသောလူများမှာ နည်းပါးပါသည်။ အနိမ့်ဆုံးနှင့်အလယ်အလတ်ဝင်ငွေများကို ရရှိနေကြပါသည်။ အချို့ဆင်းရဲသောမိသားစုများတွင် ရရှိသောဝင်ငွေနှင့်လုံလောက်မှုမရှိပါ။ ရွာရှိကျပန်းလုပ်သားများဝင်ငွေရရှိမှုများစေရန်အတွက် ကျေးရွာတွင် စက်ရုံ၊

အလုပ်ရုံများ တည်ထောင်ပေးပါ က အဆင်ပြေနိုင်ပါသည်။ ပေးထားသောလုပ်အားခများမှာ လုပ်ငန်းရှင်နှင့်အလုပ်သမားမျှတမှုရှိသည်ဟု ထင်ပါသည်။

### (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၀၂၁ | သင့် | - | ၁၀၂၁ |
| ယာမြေ /တောင်ယာ | - | - | - | - |
| ဥယျာဉ်ခြံမြေ | ၂၅၆ | သင့် | - | ၂၅၆ |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| နှစ်ရှည်သီးနှံစိုက်ခင်း | - | - | - | - |
| ရွှေ့ပြောင်းတောင်ယာမြေ | - | - | - | - |
| ဓနိ | ၄၂ | သင့် | - | ၄၂ |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | ၁၁၇ | သင့် | - | - |
| အခြား | ၅၇ | သင့် | - | - |
| စုစုပေါင်း | ၁၄၉၃ | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စီမံစမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ လယ်မြေတွင် မိုးရာသီ၌ ကေပြည့်မီအောင်စိုက်ပျိုးနိုင်ပြီး နွေစပါးစိုက်ပျိုးချိန်တွင် ရေတူးမြောင်းများပြင်ဆင်ရန်လိုအပ်ခြင်းနှင့်မလုံလောက်မှုကြောင့် ဧက(၅၀၀)ခန့်သာ စိုက်ပျိုးနိုင်သည်။ အကယ်၍ရေအရင်းမြစ်လုံလောက်စွာ ရရှိအောင်ဆောင်ရွက်နိုင်ပါက ဧကပြည့်မီအောင်စိုက်ပျိုးနိုင်သည့်အပြင် စပါးအထွက်နှုန်းအထူးကောင်းမွန်လာနိုင်ပါသည်။ ဥယျာဉ်ခြံမြေတွင် စိုက်ပျိုးသော်လည်း နည်းပညာနှင့်စီးပွားဖြစ်စိုက်ပျိုးနိုင်သော ပျိုးပင်များဖန်တီးနိုင်ပါက ဝင်ငွေတိုးလာနိုင်ပါသည်။ ဓနိခြံမြေများမှာ စိုက်ပျိုးမှုနှင့်သုံးစွဲမှုလျော့နည်းလာပါသည်။ ပလပ်မြေနှင့်မြေလွတ်မြေရိုင်းများကို နိုင်ငံတော်စီမံကိန်းနှင့်အညီ လယ်ယာမြေများဖော်ထုတ်စိုက်ပျိုးနေပါသည်။ ခေတ်မီလယ်ယာစနစ် ဖော်ထုတ်နိုင်ပါကပိုကောင်းမည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လွယ် |
| အခြား ရင်းမြစ်များ | မရှိ | လွယ် |
| **အခြားသဘာဝရင်းမြစ်** | | |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| တိရစ္ဆာန်မျိုးစိတ်များ | နည်း | လွယ် |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | လွယ် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ခာတ်သတ္တုထွက်ရှိမှုမရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များတွင် ငှက်၊မြွေ၊ တောက်တဲ့၊ ကင်းလိပ်ချော၊ ခေါင်းအစရှိသောမျိုးစိတ်များကို အလွယ်တကူတွေ့ရှိနိုင်ပါသည်။ သဘာဝအပင်မျိုးစိတ်များကိုတွေ့ရှိရနည်းပြီး လူတို့စိုက်ပျိုးထားသော ဈေးကွက်ဝင်အပင်များသာရှိသည်။ နွားစာနှင့်ပတ်သတ်၍လုံလောက်မှုရှိပါသည်။ ဆေးဘက်ဝင်အပင်များမှာ သစ်တောပြုန်းတီးမှုကြောင့် အနည်းငယ်သာတွေ့ရှိရပါသည်။ စိုက်ပျိုးမြေများရှိသောကြောင့် ဆေးဘက်ဝင်အပင်များစိုက်ပျိုးပါက ပြန်လည်ရရှိနိုင်ပါသည်။

## (၁.၄) ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓန အဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၄၅ | ၃၀ | ၂၅ | ၀ |
| အိမ်အခြေအနေ | ကောင်း | ကောင်း | သင့် | ညံ့ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ကောင်း | ကောင်း | သင့် | ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | မြင့် | မြင့် | လတ် | နိမ့် |
| အဓိကစီးပွားရေး လုပ်ငန်း | မြင့် | မြင့် | လတ် | နိမ့် |
| အခြားပိုင်ဆိုင်မှု | မြင့် | လတ် | လတ် | နိမ့် |
| အိမ်ထောင်စု - | (၁၅%) | (၂၅%) | (၅၅%) | (၄.၈%) |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ လက်လုပ်လက်စားနှင့် စိုက်မွေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ (၁၅%)သည်ချမ်းသာအဆင့်၊ (၂၅%)သည် အလယ်အလတ်အဆင့်၊ (၅၅%)သည်ဆင်းရဲအဆင့်၊ (၄.၈%)သည်အလွန်ဆင်းရဲအဖြစ်ခံယူကြသည်။ ဆင်းရဲသောအိမ်ထောင်စုသည်များပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အပံ့များနှင့်နည်းပညာများ၊ စီမံခန့်ခွဲမှုသင်တန်းများပို့ချပေးနိုင်ပါက လာမည့်(၅)နှစ်အတွင်းလျော့ချနိုင်ပါမည်။ ထိခိုက်လွယ်သောအိမ်ထောင်စုများအတွက်လည်း ကူညီဆောင်ရွက်မှုများပြုလုပ်ရပါမည်။ D မှCသို့၊ CမှBသို့၊ BမှAသို့ အဆင့်ဆင့်တက်လှမ်းနိုင်ရန်အတွက် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာစေနှ အဆင့် "၃" နှင့် "၄" အိမ်ခြေပေါင်း၏ ၃၀ ရာခိုင်နှုန်း:)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၂၂ | ၂၀ | ချေးယူ |
| ၃ လနှင့် ၅ လ အထိ | ၃၁ | ၃၀ | ချေးယူ |
| ၆ လ မှ ၁၂ လ အထိ | ၅၃ | ၅၀ | ချေးယူ |

ရင်းမြစ် .. ဥစ္စာစေနှ အဆင့် "၃" နှင့် "၄" အိမ်ခြေပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်း ဆင်းရဲသောမိသားစု(၁၀၅)စုကို စစ်တမ်းကောက်ယူကြည့်ရာချေးငှာယူခြင်းမရှိဘဲ စားသောက်ရေးအဆင်ပြေချောမွေ့သည်။ အိမ်ထောင်စု(၂၀%) (၆)လမှ(၁၂)လအထိ (၅၃%)နှင့် (၃)လနှင့်(၆)လအောက်(၃၀%)တို့ကိုတွေ့ရှိရပါသည်။ ဆင်းရဲသောမိသားစု၏(၅၀%)ခန့်သည် ချေးငွေများကို(၃၀၀၀၀၀)မှ(၆၀၀၀၀၀)အထိကြွေးတင်မှုရှိနေပြီး (၃၀%)ခန့်သည်(၂၀၀၀၀၀၀)အောက်ချေးယူထားသူများကိုတွေ့ရှိရပါသည်။ အဖွဲ့အစည်းများတွင် ချေးငှားထားသောသူများသည် တစ်နှစ်အတိုးနှုန်းသက်သာသော်လည်း အချို့ချေးငွေများမှာ (၁)လလျှင် (၁၀%)မှ (၂၀%)အထိ အတိုးမြင့်မားခြင်းနှင့်စီးပွားရေး လွဲချော်ပါက ပစ္စည်းဆုံးရှုံးမှုများစွာကို တွေ့ရပါသည်။

### (၁.၅.၂) ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့် အထက် | | | |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စု အရေ အတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို / တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွား ရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းမိသားစု၊ရပ်ရွာ၊ စောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုနှင့်မသန်စွမ်းပုဂ္ဂိုလ်မရှိပါ။ အမျိုးသမီးဦးဆောင်အိမ်ထောင်စု၏(၅%)ရှိသော်လည်း ကျေးရွာအတွင်းရောင်းဝယ်ဖောက်ကားစားသောက်နေနိုင်ကြပါသည်။ အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသောအိမ်ထောင်စု(၃)စုရှိပြီး ကျေးရွာတွင်လုပ်ငန်းများဖန်တီးပေးနိုင်ပါကပြန်လည်အခြေကျနေထိုင်နိုင်ပြီး စီးပွားရေးတိုးတက်လာနိုင်ပါသည်။ အိမ်ထောင်စုအများစုသည် လုပ်သားဦးရေများရှိသော်လည်း ရွာတွင်းလုပ်ကိုင်အခွင့်အလမ်း မလုံလောက်မှုကြောင့် ဝင်ငွေနည်းပါးကြပါသည်။ အသိပညာ၊ အရင်းအနှီး၊ စီးပွားရေးနည်းပညာများကို ကူညီထောက်ပံ့

ပေးနိုင်ပါက ပိုမို၍တိုးတက်လာနိုင်ပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | - |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...) | နိမ့် | - |
| ၃ | ရေကြီးခြင်း | လတ် | ရေမြောင်းများဖော်ရန်လိုအပ် |
| ၄ | မိုးခေါင်ခြင်း | နိမ့် | - |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | - |
| ၆ | မုန်တိုင်း | လတ် | - |
| ၇ | လေျှင် | နိမ့် | - |
| ၈ | မီးဘေး | နိမ့် | မီးသတ်ကားနှင့်စခန်းရှိသင့် |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | လတ် | ဓာတ်မြေဩဇာအသုံးပြုမှုများ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | ဓုတ်ယူပြီးအစားထိုးစိုက်မှုနည်း |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | ကူးစက်မှုရှိသည်၊ ကုသနိုင်သည်။ |
| ၁၃ | တီဘီရောဂါ | နိမ့် | ပညာပေးအစီအစဉ်ရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | ပညာပေးအဖွဲ့ရှိသည် |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | ကြိုတင်အသိပညာကာကွယ်ရေးရှိ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | - |
| ၁၈ | ဓေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | - |
| ၁၉ | အခြား | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စားနပ်ရိက္ခာဖူလုံမှုတင်မက ဆန်စပါးများကို တင်ပို့ရောင်းချနိုင်ပါသည်။ မြေနှင့်စိုက်ပျိုးရေးရရှိမှုမှာသင့်တင့်ပြီး မြေယာမဲ့အိမ်ထောင်စုများ ပေါများပါသည်။ ရေကြီးခြင်းနှစ်စဉ်ဖြစ်ပေါ်သော်လည်း ထိခိုက်မှုမှာအသင့်အတင့်ရှိပါသည်။ ကြိုတင်ကာကွယ်ခြင်းအတွက် စီစဉ်ထားမှုအားနည်းသောကြောင့် နောင်(၅)နှစ်အတွင်း Planများရေးဆွဲကာကွယ်သင့်ပါသည်။ ကျန်ရာသီဥတုများအသင့်အတင့်ကောင်းမွန်ပြီး မိုးဦးနှင့်မိုးနှောင်းကာလများတွင် မုန်တိုင်းအသင့်အတင့်ခံစားရပါသည်။ မီးဘေးကာကွယ်ရေးနှင့်ပတ်သတ်၍ပေါ့ဆမီးများရှိသော်လည်း မထိခိုက်ခဲ့ပါ။ ဓာတ်မြေဩဇာကြောင့် မြေဆီလွှာပျက်ဆီးမှု၊ သစ်တောများမှာမရှိတော့ပါ။ ရော်ဘာနှစ်ရှည်များစိုက်ပျိုးထားပါသည်။ ငှက်ဖျားရောဂါကြောင့် သေဆုံးသူနည်းပါးပါသည်။ တီဗွီ၊ AIDSပညာပေးရှိပြီး တိရစ္ဆာန်ကူးစက်ရောဂါအသင့်အတင့်ရှိပါသည်။ လူကုန်ကူးမှုမရှိပါ။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများ

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | လုပ်ငန်းရရှိမှုများသောကြောင့်မရှိ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | ကူညီပံ့ပိုးမှုအနည်းငယ်ရှိ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | ကိုယ်ပိုင်များသာအများအပြားရှိ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက် နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | နိမ့် | မရှိပါ။ အရပ်ဒေသကောင်းပါသည်။ |
| ၅ | မြစ်ကမ်းဘေးနေလူထု | လတ် | ရှိသော်လည်းအန္တရာယ်မရှိနိုင်ပါ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | |
| ၁၅ | ဆေးစွဲသူများ | နိမ့် | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | လတ် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၂၀ | ကားသမား | နိမ့် | |
| ၂၁ | အခြား | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်း ဘီယာနှင့်အရက်များပြားစွာရှိသော်ကြောင့် ထိခိုက်လွယ်မှုရှိနိုင်သည်။ လူငယ်အများစုသည် အခြားတွင်သွားရောက်လုပ်ကိုင်မှုများသည်။ အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စုများသည် ဦးဆောင်နိုင်မှုစွမ်းဆောင်ရည်လျော့နည်းသည်ကို တွေ့ရ

သည်။ မြေယာပိုင်ဆိုင်မှုတွင်ရွာ၏ (၈၅%)ခန့်သည်မြေယာမဲ့များဖြစ်ကြပြီး ဆင်းရဲသောတောင်သူအများစုသည်လည်း စိုက်ပျိုးစရိတ်ချေးငွေများကြောင့်အဆင်ပြေကြပါသည်။ သဘာဝဘေးအန္တရာယ်မှာအနည်းငယ်သာခံရဖူးပြီး ကူးစက်ရောဂါဖြစ်ပွားမှုနည်းပါသည်။ မြစ်ကမ်းပါးပြိုခြင်း၊ တိုက်စားခြင်းများမှာမရှိသလောက်နည်းပါးပါသည်။ ကျေးရွာအတွင်း ကား၊ဆိုင်ကယ်အစရှိသော ယာဉ်များဖြတ်သန်းသွားလာသောနေရာများတွင် နေထိုင်ကြသော်လည်း အန္တရာယ်ဖြစ်ပွားမှုအသင့်အတင့်ရှိပါသည်။ ရွာမှအခြားရွာများသို့ နေ့စဉ်လှည့်လည်ဈေးရောင်းသော မိသားစုမှာ(၆၀)အိမ်ထောင်စုလောက်ရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် အဆင်ပြေကြပြီး ကားမောင်းသူများနည်းပါးပါ သည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(၂.၁.၁) ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | လယ်သမားအဖွဲ့ | ၁ | | | | လယ်ယာလုပ်ငန်း | ၄ | ၇ |
| ၂ | လင်းလတ် | ၁ | | | | ငွေစုငွေချေး | ၄ | ၇ |
| ၃ | အမျိုးသမီးရေးရာ | ၂ | | | | လူမှုရေး | ၄ | ၈ |
| ၄ | မိခင်ကလေး | ၂ | | | | လူမှုရေး | ၄ | ၈ |
| ၅ | ပြည်သူ့စစ် | ၂ | | | | လုံခြုံရေး | ၄ | |
| ၆ | အရန်မီးသတ် | ၂ | | | | ကာကွယ်ရေး | ၄ | |
| ၇ | အောင်သုခ | ၃ | | | | ပရဟိတ | ၄ | ၆ |
| ၈ | ဝံသာနုရက္ခိတ | ၃ | | | | ဘာသာရေး | ၄ | ၆ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း၊

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့၊ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းဖွံ့ဖြိုးရေးအဖွဲ့ (၁၁)ဖွဲ့ရှိပြီး အောင်သုခအဖွဲ့သည်လုပ်ငန်းဖော်ဆောင်မှုအကောင်းဆုံးအဖွဲ့ဖြစ်သည်။ အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှာလုပ်ဆောင်မှုအားအနည်းဆုံးဖြစ်သည်။ ဘာသာရေးအသင်းဖြစ်သော ဝံသာနုရက္ခိတအသင်းနှင့်စပ်ဆက်အသင်းများမှာလုပ်ဆောင်မှုအား အတော်အသင့်ကောင်းမွန်သည်ကိုတွေ့ရပါသည်။ကျေးရွာအတွင်းအဖွဲ့များအချင်းချင်း ချိတ်ဆက်မှုအားနည်းသည်ကိုတွေ့ရသည်။ ခေါင်းဆောင်မှုနှင့်စီမံခန့်ခွဲမှု သင်တန်းများကို စုပေါင်းဆောင်ရွက်ပေးနိုင်ပါက အဆင်ပြေနိုင်ပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | - | - | - |
| ၂ | - | - | - |
| ၃ | - | - | - |
| ၄ | - | - | - |
| ၅ | - | - | - |
| ၆ | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုး ရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ လာရောက်လုပ်ကိုင်နေသောဖွဲ့အစည်းများ မရှိပါ။ တစ်ခါတစ်ရံလာရောက်သောအဖွဲ့အစည်းများသာရှိပါသည်။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

## (၂.၂.၁) သီးနှံထုတ်လုပ်ရေး

## (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၅၀ | ၇၄.၆% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် (၁ ဟက်တာထိ) | ၁၃ | ၂.၁၅% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ (၂ ဟက်တာထိ) | ၃၈ | ၆.၃၂% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား (၅ ဟက်တာထိ) | ၅၀ | ၈.၂၉% | အလယ်အလတ်စား |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| | | | | တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် (၅ ဟက်တာနှင့် အထက်) | ၅၂ | ၈.၆၂% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | ၆၀၃ | ၁၀၀% | |

ရင်းမြစ် … (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဆောက်လုပ်နေသောအိမ်ယာများသာရှိကြပြီး မြေယာမဲ့အရေအတွက် မြင့်မားပါသည်။ စိုက်ပျိုးမြေများကိုချဲ့ရန်မဖြစ်နိုင်သော်လည်း မိသားစုအလိုက်ပိုင်ဆိုင်သောစိုက်ပျိုးမြေများတွင်စုပေါင်းစိုက်ပျိုးကြပါသည်။ ရှိနေသောမြေယာများကို မြေဆီသြဇာကောင်းမွန်အောင် ဆောင်ရွက်ပြီး ထိန်းသိမ်းစောင့်ရှောက်ရေး ထွက်ကုန်တိုးတက်အောင်ဆောင်ရွက်သင့်ပါသည်။

### (၂.၂.၁.၂) **အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - | - |
| ၄ | ဆည်မြောင်း | - | - | - | - |
| ၅ | အဝီစိတွင်း | ပုဂ္ဂလိက | ၃၀ | တစ်နှစ်ပတ်လုံးရှိ | ရှိ |
| ၆ | လက်ငင် ရေတွင်း | ပုဂ္ဂလိက | ၃၀ | တစ်နှစ်ပတ်လုံးရှိ | ရှိ |
| ၇ | စိမ့်စမ်းရေ | - | - | - | - |
| ၈ | ချောင်းရေ | ရှိ | ၅၀၀ | ရာသီအလိုက် | ရှိ |
| ၉ | အခြား | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ အဝီစိတွင်းနှင့်လက်ငင်ရေတွင်းများမှ ရေရယူ၍ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ချောင်းရေမှနွေစပါးစိုက်ပျိုးမှုနှင့် အခြားသီးနှံများစိုက်ပျိုးကြသည်။ ချောင်းရေရယူရာ၌ တူးမြောင်းများပိုမိုကောင်းမွန်ပါက စိုက်ပျိုးသီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်သည်။

### (၂.၂.၁.၃) **အဓိကသီးနှံများနှင့် အထွက်နှုန်း**

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| မိုးစပါး | ၁၀၃၁ | တင်း | ၅၀ | ၇၀ | ၆၀ | ဇွန် | ဒီဇင်ဘာ | လတ် | လတ် | |
| နွေစပါး | ၅၀၀ | တင်း | ၆၀ | ၁၀၀ | ၈၀ | ဒီဇင်ဘာ | ဧပြီ | လတ် | လတ် | |
| ရော်ဘာ | ၆၀ | ပေါင် | | | | - | - | လတ် | နိမ့် | |
| ကွမ်း | ၁၀ | ပိဿာ | | | | - | - | လတ် | လတ် | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိုးစပါးစိုက်ပျိုးဧကများကို စိုက်ပျိုးကြရာတွင်နိုင်ငံတော်၏သတ် မှတ်ချက်ပျမ်းမျှအထွက်နှုန်းကိုရရှိနိုင်ရန်လိုအပ်ပါသည်။ နည်းပညာလိုအပ်မှုနှင့် နှစ်စဉ်ရေကြီးခြင်းဒဏ်များကိုခံရမှုကြောင့် အထွက်နှုန်းလျော့နည်းပါသည်။ မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှု နည်းပညာနည်းပါးခြင်းနှင့်လုံလောက်စွာမရရှိခြင်းကလည်း စပါးအထွက်နှုန်းလျော့နည်းစေသည်။ နွေရာသီသီးထပ်စိုက်ပျိုးရာတွင် တူးမြောင်းများပျက်စီးနေမှု၊ မလုံလောက်မှုကြောင့် သီးထပ်စပါးအထွက်နှုန်းကိုလျော့နည်းစေသည်။ ရော်ဘာစိုက်ပျိုးမှုမှာများပြားတိုးတက်လာသော်လည်း နည်းပညာနှင့်ဈေးကွက်မရှိသောကြောင့် အခက်အခဲတွေ့ရပါသည်။ ရာသီဥတုကိုက်ညီမှုမရှိသောကြောင့်လည်း အထွက်နှုန်းလျော့နည်းပါသည်။ လုပ်အားခနှင့်ထွက်ရှိမှုအားနည်းမှုကြောင့် အရှုံးနှင့်သာရင်ဆိုင်နေရပါသည်။ ကွမ်းနှင့်အခြားသီးနှံစိုက်ပျိုးမှုမှာများပြားလာပါသည်။ စိုက်ပျိုးမြေများရှိသော်လည်း နည်းပညာနှင့်စိုက်ပျိုးရေးအသိပညာပေးအားနည်းမှုကြောင့် တောင်သူများမှာ အကျိုးအမြတ်အလွန်နည်းပါးကြသည်။

### (၂.၂.၁.၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | - | - | - | - | - | - | အဓိကလိုအပ်ချက်ရှိ |
| လက်တွန်းထွန်စက် | - | - | - | - | - | - | |
| အခြေချ ကိရိယာ | - | - | - | - | - | - | အဓိကလိုအပ်ချက်ရှိ |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - | - | - | |
| ရိတ်သိမ်းစက် | - | - | - | - | - | - | |
| ခြွေလှေ့စက် | - | - | - | - | - | - | |
| ရေစုပ်စက် | - | - | - | - | - | - | |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| မြက်ရိတ်စက် | - | - | - | - | - | - | |
| အခြား | - | - | - | - | - | - | |

ရင်းမြစ်... (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ထွန်စက်မှာကျေးရွာတွင်မရှိသေးပါ။ ရွာတွင်ရှိပါက အဆင်ပြေနိုင်ပြီး ရာသီဥတုနှင့် အညီစောစီးစွာစိုက်ပျိုးနိုင်မှုကို ကူညီနိုင်မည်ဖြစ်ပါသည်။စက်ပစ္စည်းများတိုးတက်မှုများပြားစွာ အသုံးပြုများမှာ များစွာတိုးတက်လာပါသည်။နွား၊ကျွဲ များအသုံးပြုမှုနည်းပါး လာပြီး စက်များငှားရမ်းအသုံးပြုမှုများလာပါသည်။ထွန်စက်၊အစေ့ချကရိယာ၊ ရိတ်သိမ်းခြွေလှေ့စက် အစရှိသော စက်များကို အဖွဲ့ပိုင်၊ ရွာပိုင်ဟူ၍ ထားရှိနိုင်ပါက အဆင်ပြေနိုင်ပါမည်။လယ်ယာမြေများကို ခေတ်နှင့် အညီတိုးတက်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာသည် လိုအပ်ချက်များမြောက်များစွာရှိနေပါသည်။ လယ်စိုက်ပျိုးမြေဧကနှင့်လျှင့်စက်ပစ္စည်းကရိယာများမှာ လုံလောက်မှုလိုအပ်ပါသေးသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | စိုက်ပျိုးမြေဧရိယာရှိသလောက်စိုက်ပျိုးနိုင်၊မြေဆီသြဇာကြွယ်ဝမှုအသင့်အတင့်သာရှိ |
| ရေရင်းမြစ် | ချောင်းရေ၊ရေတွင်းရေ၊အဝီစိစက်တပ်ရေတွင်း၊ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | သဘာဝမြေသြဇာပြန်လည်အသုံးပြုခြင်းအသင့်အတင့်သာရှိပြီးအော်ဂဲနစ်မြေသြဇာထုတ်လုပ်သုံးစွဲမှုနည်းပညာလိုအပ် |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | အော်ဂဲနစ်ပိုးသတ်ဆေးသုံးစွဲမှုနည်းပါးပြီး၊ဓာတုပိုးသတ်ဆေးသုံးစွဲမှုမြင့်မားလျက်ရှိ |
| ဈေးကွက်နှင့် ငွေကြေးဝန်ဆောင်မှုများ | စိုက်ပျိုးရေးချေးငွေရရှိနိုင်ပါသည်။စိုက်ဘဏ်နှင့်Puct Myanmar တို့တွင်ချေးယူရရှိနိုင် |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | နည်းပညာထောက်ပံ့မှုမှာအသင့်အတင့်ရှိပြီး၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုကောင်းမွန်ပါသည်။မျိုးစပါးဝေငှခြင်း၊သတင်းအချက်အလက်များပေးပါသည်။ |
| သွင်းအားစုဈေးကွက် | ဈေးနှုန်းမြင့်မားပါသည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ထုတ်လုပ်ရာတွင် အဆင်ပြေပြီးကုန်သွယ်ရာတွင် အိမ်တိုင်ရာရောက်ကုန်သွယ်မှုရှိ |
| အခြား | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ မြေများမှာ အသင့်အတင့်ကောင်းမွန်ပြီးရေအရင်းအမြစ်များမှာ အလွန်ကောင်းမွန်သည်။ မြေဆီြသဇာများမှာ ယခင်ကသုံးစွဲမှုကောင်းမွန်သော်လည်း ယခုအခါ ဓါတ်မြေြသဇာနှင့် ပိုးသတ်ဆေးများသုံးစွဲမှုကြောင့် လယ်မြေများမှာ အရည်အသွေး သင့်တင့်စွာသာရှိတော့ပါသည်။ စိုက်ပျိုးရေးလယ်မြေများမှာ အရည်အသွေး သင့်တင့်စွာသာရှိတော့ပါသည်။ စိုက်ပျိုးရေးချေးငွေများကြောင့် လယ်သမားများအဆင်ပြေ ချောမွေ့ကြပါသည်။ စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုများမှာ ရှိသော်လည်း အဆင့်မြင့်ဝန်ဆောင်မှုများ ရရှိပါက အဆင်ပြေနိုင်ပါသည်။ဓါတ်မြေြသဇာရောင်းချသော ကုမ္ပဏီများဝင်ရောက်မှုနည်းပါးပြီး ရွာရှိဓါတ်မြေြသဇာဆိုင်တွင်သာ ဝယ်ယူသုံးစွဲကြပါသည်။သွင်းအားစုများဖြစ်သော အလုပ်သမားရှားပါးမှု စက်ကိရိယာလုံလောက်စွာ အသုံးမပြုနိုင်မှု၊ မြေြသဇာ နှင့် ပိုးသတ်ဆေးဈေးမြင့်မားမှုနှင့် သုံးစွဲမှုအခက်အခဲများနှင့် ရင်ဆိုင်ကြရပါသည်။ကျေးရွာတွင် ရောင်းချမှုအတွက် ကုန်သည်၊ ပွဲစားများကို အမှီပြုနေရပြီး ကုန်ချောထုတ်လုပ်မှုအားနည်းပါသည်။ ကျေးရွာနှင့် ပတ်ဝန်းကျင်မှ ထွက်ရှိသော ထုတ်ကုန်များကို အဆင့်မီ ထုတ်လုပ်၍ ကုန်သွယ်နိုင်ပါက ပိုမိုကောင်းမွန်ပါသည်။

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှု အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ လက်လှမ်းမီမှု | မရှိသလောက်နည်းပါး၊ |
| မြေဆီ ထက်သန်မှု | ဓာတုဆေးနှင့်ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲခြင်း |
| ငွေကြေးအရင်းအနှီး လက်လှမ်းမီမှု | စပါးမှအပအခြားစိုက်ပျိုးချေးငွေမရရှိသေးပါ |
| စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီ ရရှိ အသုံးချနိုင်မှု | အလုပ်သမားရှားပါးခြင်းနှင့်လယ်ယာသုံးစက်ကိရိယာနည်းပါးခြင်း၊ စိုက်ပျိုးရေသွင်းအစုဈေးနှုန်းမြင့်မား |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | လုပ်သားကျွမ်းကျင်သူနည်းပါး |
| ရေရင်းမြစ်များ လက်လှမ်းမီမှု | တူးမြောင်းတာတမံများမကောင်းမွန်ခြင်း၊မလုံလောက်ခြင်း |
| စိုက်ပျိုးရေ မလုံလောက်မှု | နွေစပါးစိုက်ပျိုးရာတွင်ရေရရှိမှုနည်းပါးခြင်း |
| ဖျက်ပိုးနှင့် ရောဂါ | အသင့်အတင့်ရှိ |
| ဈေးကွက် လက်လှမ်းမီမှု | ဈေးနှုန်းနည်း၍အမြတ်ရရှိမှုနည်း |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ပြည့်စုံလုံလောက်စွာရရှိမှုအားနည်း |
| အခြား | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။စိုက်ပျိုးမြေများကို တိုးချဲ့ဆောင်ရွက်ရန်အား နည်းပြီး မရှိသလောက်ရှားပါး လာပါသည်။ သင့်တင့်သော မြေဆီြသဇာရှိပြီး ဓာတ်မြေြသဇာ အသုံးပြုမှုကို လျော့ချသင့်ပါသည်။ဘက်စုံ စိုက်ပျိုးရေးအတွက် ချေးငွေရရှိအောင် ဆောင်ရွက်သင့်ပါသည်။ ထိုက်သင့်သော လုပ်အားခများ ပေးပို့နိုင်ရန် ခက်ခဲသောကြောင့် အလုပ်သမားရှားပါးမှုကို တွေ့ကြုံရပြီး စိုက်ပျိုးရေး

စက်ကရိယာများမှာ လိုအပ်နေဆဲဖြစ်ပါသည်။ စိုက်ပျိုးရေးသွင်းအား စုများမှာ ဈေးနှုန်းမြင့်မားပါသည်။ကျွမ်းကျင်လုပ်သားရှားပါးပါသည်။တူးမြောင်းများ၊တာမံများပြန်လည်ပြုပြင် တည်ဆောက်ထားပါက လုံလောက်သော ရေကိုရရှိနိုင်ပါသည်။ မျက်ပိုး အသင့်တင့်ကျရောက်သည်။ ဈေးကွက်လက်လှမ်းမှီပါသည်။ နည်းပညာအကူအညီများမှာ အထူးလိုအပ်ပါသည်။

### (၂.၂.၂) မွေးမြူရေး လုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| နိုင်းနွား | ၄၅ | ၁၁၇ | စက်ရုံများလာသောကြောင့်နည်းပါး |
| နို့စားနွား | - | - | |
| မြင်း | - | - | |
| ကျွဲ | - | - | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | - | ၁ | |
| သိုး | - | - | |
| ဝက် | ၅၀ | ၁၃၆ | ကူးစက်ရောဂါကျရောက်တတ် |
| ကြက် | ၅၀ | ၁၆၁၃ | တိုးတက်ရန်လိုအပ် |
| ဘဲ | ၅၀ | ၁၀၈၇ | တိုးတက်ရန်လိုအပ် |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | |
| ပုစွန်ကန် | - | - | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - | |
| ရေချို ငါးဖမ်းလုပ်ငန်း | ၇၀ | - | ထောက်ပံ့ပေးရန်လိုအပ် |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - | |
| အခြား | - | - | |

ရင်းမြစ်… (၁) အိမ်ထောင်စု စာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းဒေသမျိုးရင်း ကြက်၊ဝက်၊ နွားတို့ကိုအများဆုံးမွေးမြူကြပါသည်။ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စု(၇၀)စုရှိပြီး ပိုက်များဖြင့်ဖမ်းယူကြကာ ကျေးရွာစားသုံးရန်အတွက်ရရှိသော်လည်း စားသောက်မှုဈေးကွက်အတွက်အခြားမှ မွေးမြူရေးငါးများကိုပါတင်သွင်းရသည်။ ငါးကန်လုပ်ငန်းများလုပ်ကိုင်ရန် မြေနေရာများရှိသော်လည်း နည်းပညာနှင့်ငွေကြေးရင်းနှီးမြုပ်နှံနိုင်မှု အားနည်းသောကြောင့် မမွေးမြူနိုင်ကြပါ။ ကြက်၊ ဝက်များကိုခေတ်မှီနည်းပညာဖြင့် စီးပွားဖြစ်မွေးမြူနိုင်သောဒေသဖြစ်သည်။ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများမှာ ဝင်ငွေရရှိမှုအားနည်းကြသည်။

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေနည်းသော်လည်းအစာများရရှိနိုင် |
| ရေရရှိမှု | ကောင်းမွန်ပြီးတစ်နှစ်ပတ်လုံးသုံးစွဲနိုင် |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | လက်လှမ်းမီမှုအားနည်း |
| ချေးငွေ | မရရှိနိုင်သေး |
| သွင်းအားစု ဈေးကွက် | စရိတ်မြင့်မား |
| ဝန်ဆောင်မှု ဈေးကွက် | ရောင်းချမှုဈေးကါက်မြန်ဆန်၊ သင့်တင့်ဈေးနှုန်းရ |
| ထုတ်ကုန်ရောင်းဝယ်မှု | ကျေးရွာတွင်တိုက်ရိုက်ဝယ်ယူ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | မွေးမြူရန်နေရာအချို့ရှိ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုစွန်သားပေါက် လက်လှမ်းမီမှု | မျိုးရရှိနိုင်မှုအားနည်းသေးသည် |
| ချေးငွေ | မရှိသေးပါ |
| သွင်းအားစု လက်လှမ်းမီမှု | ဈေးကွက်တွင်ရနိုင် |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မရှိသေးပါ |
| ထုတ်ကုန်ရောင်းဝယ်မှု | ဈေးကွက်တင်ပို့ရောင်းချရန်ရှိ |
| အခြား | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးလုပ်ရန်အတွက် မြေနေရာနှင့်ထုတ်ကုန်ဈေးကွက်ရှိသော်လည်း အရင်းအနှီးနည်းပါးခြင်း၊ နည်းပညာအကူအညီနှင့်နည်းလမ်းများမသိရှိခြင်းတို့ကြောင့် မွေးမြူခဲ့သော်လည်းအရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။ အကူအညီများရယူဆောင်ရွက်နိုင်ပါက စီးပွားရေးအခွင့်အလမ်းပိုလာနိုင်သည်။ မျိုးတိရစ္ဆာန်နှင့်ငါးပုစွန်သားပေါက်များကိုချပေးထားနိုင်ပြီး နည်းပညာဗဟုသုတများနှင့် ဈေးကွက်ချဲ့ထွင်မှုပြုလုပ်ရန်လိုအပ်ပါသည်။ ရပ်ရွာတွင်မွေးမြူရေးလုပ်ငန်းအားနည်းမှုကြောင့် အခြားမှတင်သွင်းရောင်းချနေရသောကြောင့် ဈေးနှုန်းများမြင့်မားပါသည်။ လုပ်သားအင်အားနှင့် ထုတ်ကုန်ရောင်းချမှုဈေးကွက်မြေနေရာများရှိခြင်းတို့ကြောင့် စီးပွားဖြစ်မွေးမြူရေးပြုလုပ်ရန်လိုအပ်ပါသည်။

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ လက်လှမ်းမီမှု | မရှိ |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ကူးစက်ရောဂါဖြစ်ပွားမှု | အသင့်အတင့်သာရှိ၊ စီးပွားမပျက်နိုင် |
